ဇွန် (၂၂)

## ထူးဆန်းအံ့ဩဖွယ်ရာများက ဘုရားသခင်အတွက် သဘာဝအလျောက်သာဖြစ်လာသည်။

**မိမိ**တို့၏ နားလည်နိုင်သမျှ လက်လှမ်းမှီသော အရာများကို သဘာဝလွန် သို့မဟုတ် ထူးဆန်းအံ့ဩဖွယ်ရာ ကောင်းသောအရာများအဖြစ် မိမိတို့ ထင်မှန်လေ့ရှိသော်လည်း အရာရာက သူ့အတွက်သဘာဝအလျောက် ဖြစ်နေသော ဝိညာဉ်ရေး နယ်နိမိတ်အတွင်း လုပ်ဆောင်သော ဘုရားသခင်အဖို့ ထိုအရာများက သဘာဝလွန်အချင်းအရာများ မဟုတ်ပါ။ ယင်းက "ဘုရားသခင် တတ်နိုင်တော်မမူသော အမှုမရှိ" (လုကာ ၁း၃၇) ဟုပြောရာရောက်သည်။ ဘုရားသခင် လုပ်ဆောင်သည့်အခြင်းအရာများစွာက မိမိတို့၏ အရာရာကို နားလည်နိုင်စွမ်းနှင့် မိမိတို့က သဘာဝအလျောက်ဟု ယူဆထားသည့်အရာများ၏ နောက်ကွယ်တွင်ဖြစ်နေပြီး ထိုသို့သောအရာများဖြစ်ပေါ်လာသောအခါ မိမိတို့က ယင်းတို့ကို သဘာဝလွန် အရာများအဖြစ် သတ်မှတ်ပြောဆိုကြသည်။ သို့သော် ဘုရားသခင်နှင့်ဆိုလျှင် မဖြစ်နိုင် သောအရာဟူ၍မရှိ။ ထို့ကြောင့် ဘုရားသခင်အတွက် သဘာဝလွန် အချင်းအရာဟူ၍ မရှိပါ။

မိမိတို့က ဘုရားသခင်၏ သဘာဝနိယာမများဟု မှတ်ယူလက်ခံထားသည့်အရာများနှင့် ဆန့်ကျင်ဘက်ပြု၍လည်း ထိုသို့သောအရာများကို သူလုပ်ဆောင်နိုင်စွမ်းရှိသည်။ ဥပမာအားဖြင့် လူတစ်ယောက်၏ ကုသ၍မပျောက်ကင်းနိုင်သောအရာ ရောဂါတစ်ခုပျောက်ကင်းသွားခဲ့ပါက မိမိတို့အနေနှင့် ထိုဖြစ်ရပ်ကို သဘာဝလွန်ဖြစ်ရပ်ဟု ခေါ်ကြသည်မှာ ဝိညာဉ်ရေးဆိုင်ရာနှင့် ရုပ်ဝါဒီဆိုင်ရာ နယ်နိမိတ် တို့ကို ဆက်သွယ်ပေးသည့် ဘုရားသခင်၏ နိယာမများ မိမိတို့အနေနှင့် အနည်းအကျဉ်းမျှသာ သိနားလည်ကြသည့် နိယာမများတို့၏ သက်သေအထောက်အထားအလား သို့မဟုတ် ထုတ်ဖော်ပြသခြင်းကို မြင်နေရသောကြောင့်ဖြစ်သည်။ အခြားတဖက်တွင်လည်း ထိုအချင်းအရာတို့က ဘုရားရှင်အတွက် ရိုးစင်းလှသည်။ ရောဂါတစ်ခုက မည်သို့သော်ပျက်ဆီးမှုကို ဖြစ်စေခဲ့ငြားလည်း ယင်းကို မည်သို့ပြန်ဖြေရမည်ကို သူသိပြီးဖြစ်၍ မိမိတို့အတွက် ထူးဆန်းအံ့ဩဖွယ်ရာဖြစ်သည့်အချင်းအရာကို သူဖန်တီးသည် မိမိတို့ စွမ်းဆောင်နိုင်မှုမရှိသည့် သဘာဝလုပ်ဆောင်မှုထက် ပိုမိုကြီးမား အစွမ်းထက်သော လုပ်ဆောင်မှုတစ်ခုကို သူပြုလုပ်သည်။

ဘုရားသခင်သည် မိမိတို့ကိုယ်စား အံ့ဩဖွယ်ရာအမှုတို့ကို ပြုလုပ်ပေးနိုင်ပြီး ၎င်းတို့ကိုပြုရန် အစဉ်အမြဲအဆင့်သင့်ရှိသည်။ ပြုလိုသောဆန္ဒလည်း ရှိသည်ဖြစ်ရာ အနာရောဂါ ပျောက်ကင်းစေခြင်းနှင့်ဆိုင်သော အံ့ဩဖွယ်ရာအမှုများ အထောက်အပံ့အကာအကွယ် သို့မဟုတ် မိမိတို့ယုံကြည်ခြင်းဖြင့် အခြားလိုအပ်ချက်မှန်သမျှ အပါအဝင်ဖြစ်သည်။ မိမိတို့ထူးဆန်း အံ့ဩဖွယ်ရာအမှုကို မပြုလုပ်နိုင်။ မိမိတို့အနေနှင့် သူတို့ကဲ့သို့ ပြုလုပ်ပေးရန်ကိုသာ ဆုတောင်းနိုင်ပြီး သူတို့ကဲ့သို့ ပြုသောအခါ သူ၏တန်ခိုးတော်အား အထူးအံ့ဩဝမ်းမြောက်ခြင်း ရှိကြရန်သာဖြစ်သည်။